# နဘဲခေါက်မှဆေးဘက်ဝင် Quercetin(Flavonoid) နှင့်ဆက်စပ်ဒြပ်ပေါင်းများကိုတည်ဆောက်ပုံအားဖြင့်သီးခြားခွဲထုတ်ခြင်း







သီတာချို၊သုတေသနလက်ထောက်-၂

ဒေါက်တာဌေးဌေးလွင်၊ ပါမောက္ခ၊ မိတ္ထီလာတက္ကသိုလ်

# အကြမ်းဖော်ပြချက်

- နိဒါန်း
- ရည်ရွယ်ချက်
- ပြုလုပ်ဆောင်ရွက်ပုံနည်းလမ်းများ
- တွေ့ရှိချက်နှင့်ဆွေးနွေးသုံးသပ်ချက်များ
- ကောက်ချက်ဆွဲခြင်း



# နိဒါန်း



- နဘဲပင် (***Lannea coromandelica***)သည် **Anacardiaceae** မျိုးရင်းဝင်များမှ တစ်ခုဖြစ်ပြီး အလတ်စားမှသည်ကြီးမားသော အရွယ်အစားရှိ အရွက်ကြွေအပင် တစ်မျိုးဖြစ်ပါသည်။
- နဘဲပင်စိတ်အပိုင်းအသီးသီးသည်သိသာထင်ရှားသော ဆေးဝါးဗေဒဆိုင်ရာ ဂုဏ်သတ္တိအမျိုးမျိုးရှိပါသည်။
- ဒေသသုံးဆေးဘက်ဝင်အပင်ဖြစ်ပြီး ၎င်း၏ အခေါက်၊ အရွက်၊အစေးတို့ကို ရိုးရာသုံးဆေးဝါးအဖြစ် ကမ္ဘာတစ်ဝှမ်းတွင် သုံးစွဲနေပါသည်။
- နဘဲအခေါက်တွင် **flavonoids**၊ **glycosides**၊ **phenolic compounds**၊ **steroids**၊ **terpenes** နှင့် **tannins** ဒြပ်ပေါင်း အသီးသီးပါဝင်ပြီး ၎င်းတို့အနက် **flavonoids**သည် အဓိက ပါဝင်ပါသည်။

# နိဒါန်းမှအဆက်



- **Flavonoid(Quercetin)**ဒြပ်ပေါင်းများ ပါဝင်ခြင်းကြောင့်နဘဲပင်တွင်အခေါက်သည်အသုံးဝင်ဆုံးအစိတ်အပိုင်းဖြစ်ပါသည်။
- နဘဲခေါက်သည်ချို၊ ပူ၊ ဖန်၊ စပ်ဖျင်းဖျင်း အရသာများရှိ၍ ဝဖြိုးစေခြင်း၊ အနာများကို အသားနု တက်စေခြင်း၊ နှလုံးရောဂါ၊ လေရောဂါ၊ အသဲအဆီဖုန်းခြင်း၊ သွေ့ခဲခြင်း၊ ခန္ဓာကိုယ်ဖောရောင်ခြင်းများ ကိုကင်းဝေးစေပြီး အိုမင်းရင့်ရော်မှုတားဆီးခြင်း၊ ယားယံမှု ဟန့်တားခြင်း၊ ဗိုင်းရပ်ကိုသေစေခြင်း၊ ကင်ဆာရောဂါကိုကာကွယ်နိုင်ခြင်းနှင့် ချုပ်သောသတ္တိများရှိပါသည်။
- မြန်မာနိုင်ငံတွင် နဘဲပင်များသည် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊တနင်္သာရီတိုင်းဒေသများနှင့် ကရင်၊ရခိုင်နှင့် ရှမ်းပြည်နယ်များတွင် ပေါက်ရောက်ပါသည်။

# နိဒါန်းမှအဆက်





- နဘဲပင်မှပျဉ်ပြား၊သေတ္တာ၊လှည်း၊လှေကား၊အိမ်ဆောက်ပစ္စည်းနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ အဖြစ် အမျိုးမျိုးအသုံးချ ပါသည်။
- နဘဲပင်မှဆေးဘက်ဝင်သောအသုံးချမှုမြန်မာနိုင်ငံတွင်လူသိအလွန်နည်းနေပါသည်။
- ၎င်းအပင်၏ဆေးဘက်ဝင်သောအသုံးချမှုများကိုပြည်သူလူထုသိရှိစေရန် ရည်ရွယ်၍ နဘဲခေါက်တွင် ပါဝင်သော ဇီဝအကျိုးပြုဒြပ်ပေါင်းကို စူးစမ်းလေ့လာခဲ့ပါ သည်။

# ရည်ရွယ်ချက်



- အမျိုးမျိုးသောဓါတုဒြပ်ပေါင်းများပါဝင်သည့်မြန်မာ့တိုင်းရင်းဆေးပင်များအသုံးချမှုကို လေ့လာရန်၊
- မြန်မာတိုင်းရင်းဆေးပင်များမှသည်မြန်မာ့ဆေးဝါးနယ်ပယ်တိုးတက်လာမှု အဆင့်အတန်းကို စူးစမ်း လေ့လာရန်၊
- အပင်လောကအသစ်မှဇီဝအကျိုးပြုအော်ဂဲနစ်ဒြပ်ပေါင်းများရှာဖွေဖော်ထုတ်ရန်၊
- ပြည်သူအပေါင်း၏ကျန်းမာရေး၊စီးပွားရေးတိုးတက်ဖွံ့ဖြိုးစေရန်အတွက်နဘဲပင်၏ဆေးဘက်ဝင်သောအသုံးချမှုများဖော်ထုတ်ပေးရန်၊



# နဘဲပင်အစိတ်အပိုင်းအးသီးသီးမှပရဆေးဆိုင်ရာအ သုံးချမှုများ



| အစိတ်အပိုင်း | ပရဆေးဆိုင်ရာအသုံးချမှု |
|---|---|
| အခေါက် | အတွင်းကြေနာ၊ အနာစက်၊ရိုးဆက်ရောင်ရမ်းနာ၊ ပါးစပ်ရောင်နာ၊ သွားရောဂါအမျိုးမျိုး၊ ဒူလာရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ပန်းနာရင်ကြပ်ရောဂါ၊ ခန္ဓာကိုယ်ကိုက်ခဲခြင်း၊ အစာမကြေခြင်း၊ အားနည်းခြင်း၊ သတိမေ့ခြင်း ၊အခြားသောအရေပြားဆိုင်ရာရောဂါများနှင့်ပဋိသန္ဓေတားဆေး၊ အန်ဆေး၊ အာလုပ်ကျင်းဆေး |
| အရွက် | မီးလောင်နာ၊ ဖောရောင်ခြင်း၊ ကိုက်ခဲခြင်း၊ ဒူလာရောဂါ၊ အဆစ်အမြစ်၊အကြောကိုက်ခဲသည့်ရောဂါများအတွက်အနာအုံဆေး |
| အစေး | ပန်းနာရင်ကြပ်ရောဂါ၊ ကိုယ်ဝန်ဆောင်မိခင်များအားတိုးဆေး၊ အာလုပ်ကျင်းဆေး၊ အရေပြားအဖုထွက်ခြင်းအတွက်ဖန်ရည်၊ လိမ်းဆေး |

## Flavonoid




- အပင်အစိတ်အပိုင်းအများအပြား တွင်တွေ့ရှိရသော **aromatic rings (၂)** ခုရှိ **Polyphenolic** ဒြပ်ပေါင်းများ ဖြစ်ပြီး **oxygen**ပါဝင်သော **heterocycle ring**(၁)ခုအတွင်းတွင် **carbons** (၃) ခု နှင့် ချိတ်ဆက်ထားပါသည်။
- **Heterocycle ring** ၏ **structure** ကွဲပြားမှုအလိုက်ခေါ်ဝေါ်မှုကွဲပြားပါသည်။



# ဇီဝဗေဒဆိုင်ရာစွမ်းဆောင်ချက်များ နှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်စေသည့် အာနိသင်များ

- **Flavonoid** ဒြပ်ပေါင်းများသည် အပင်ဇီဝဓါတုဗေဒနှင့်ဇီဝကမ္မဗေဒတို့တွင်အရေး ပါသောစွမ်းဆောင်ချက်များရှိပါသည်။
- ဓင်းပြင်ခရမ်းလွန်ရောင်ခြည်ကို ခံနိုင်ရည်ရှိပြီး အိုမင်းရင့်ရော်မှု ဟန့်တားသော **(antioxidant)** ဂုဏ်သတ္တိများရှိပါသည်။
- အလင်းမှီစုဖွဲ့ခြင်း၊ စွမ်းအင်ပြောင်းလဲခြင်း၊ အပင်ဟော်မုန်းများ တိုးပွားစေခြင်း၊ ရုပ်သွင်ပြောင်းလဲခြင်း၊ လိင်သတ်မှတ်ပေးခြင်း၊ လေရှူသွင်းမှု ထိမ်းချုပ်ပေးခြင်း၊ ကြီးထွားနှုန်း ထိန်းပေးသည့် ကိရိယာအဖြစ် စွမ်းဆောင်ပေးခြင်းစသည့် လုပ်ဆောင်ချက်များနှင့် အနာများကို အသားနုတက်စေခြင်း၊ နှလုံးရောဂါ၊ လေရောဂါ၊ အသဲအဆီဖုံးခြင်း၊ သွေးခဲခြင်း၊ ခန္ဓာကိုယ်ဖောရောင်ခြင်းများကိုကင်းဝေးစေပြီး အိုမင်းရင့်ရော်မှု တားဆီးခြင်း၊ ယားယံမှု ဟန့်တားခြင်း၊ ဗိုင်းရပ်ကိုသေစေခြင်း၊ ကင်ဆာရောဂါကိုကာကွယ်နိုင်ခြင်း၊ **Cholesterol** နည်းပါးစေမှုကို စွမ်းဆောင်နိုင်ခြင်းစသည့်ဂုဏ်သတ္တိများကို ဓင်းဒြပ်ပေါင်းများ ပိုင်ဆိုင်ပါသည်။

**Quercetin**




**Mol. formula : $C_{15}H_{10}O_7$**
**Mol. wt 302.25**
**C 59.61 % , H 3.34 % , O 37.06 %**

- **Quercetin သည် flavonoid subgroups များထဲမှ flavonol အုပ်စုဝင် တစ်ခုဖြစ်ပါသည်။**

၎င်းဒြပ်ပေါင်းသည်ပန်းနာရင်ကြပ်ရောဂါ၊နှာခေါင်းရောဂါနှင့်အဖျားရောဂါဝေဒနာများသက်သာစေခြင်းများကြောင့်လူသိများပါသည်။

ထို့အပြင် **human cancer cells** နှင့် **tumor promoters** ဖြစ်မှုများကိုလည်းတားဆီးပေးပါသည်။

# ပြုလုပ်ဆောင်ရွက်ပုံနည်းလမ်းများ

**နမူနာစုဆောင်းခြင်း**



နဘဲအခေါက်များကိုရေဆင်း
သစ်တောသုတေသနဌာနဝင်း
အတွင်းမှစုယူခဲ့ပြီးဖဝင်းတို့ကိုစင်း
ပြီးအရိပ်ထဲတွင်အခြောက်ခံ၍
အမှုန့်ကြိတ်ပါသည်။

# အနုဇီဝပိုးမွှားဆန့်ကျင်နိုင်စွမ်းရည်သတ္တိများစမ်းသပ်ခြင်း




နဘဲအမှုန့်နမူနာများကို ရေနံအီသာ၊ ၉၅%အရက်ပျံ နှင့်ပေါင်းခံရေ သီးသီးတွင် စိမ့်စစ်ခြင်း ပြုလုပ်၍ အနုဇီဝပိုးမွှား (၆) မျိုးဖြစ် သည့် ***Bacillus subtilis***၊ ***Staphylococcus aureus***၊ ***Bacillus pumalis***၊ ***Pseudomonas aeruginosa***၊ ***Candida albicans*** နှင့် ***E-Coli*** ဆန့်ကျင်နိုင် စွမ်းရည်သတ္တိများ သိရှိရန် ရန်ကုန်မြို့အင်းစိန်ရှိ **DCPT** သို့ စမ်းသပ်ရန် ပို့ဆောင်ခဲ့ပါသည်။




# နဘဲခေါက်မှအပင်တွင်ပါဝင်သော ဒြပ်ပေါင်းများ (Phytochemical) စမ်းသပ်စစ်ဆေးခြင်း



❖ နဘဲခေါက် ထုတ်နုတ်ပစ္စည်းကြမ်း (crude-extract) ၏ အပင်တွင်ပါဝင်သော ဒြပ်ပေါင်းများသိရှိရန်အတွက် flavonoid ၊ glycoside ၊ phenolic compound ၊ steroid ၊ terpene ၊ tannin ၊ alkaloid နှင့်ဆက်စပ်ပစ္စည်းများ ပါဝင်မှုကိုစမ်းသပ်ခဲ့ပါသည်။

# Flavonoid
# ပါဝင်မှုစမ်းသပ်ခြင်း



**Terpene**
**ပါဝင်မှုစမ်းသပ်ခြင်း**



**phenolic compound**
ပါဝင်မှုစမ်းသပ်ခြင်း



**Glycoside**
**ပါဝင်မှုစမ်းသပ်ခြင်း**



Alkaloid
ပါဝင်မှုစမ်း
သပ်ခြင်း

နီညိုရောင်အနည်
မဖြစ်

**Steroid**
**ပါဝင်မှုကိုစမ်းသပ်**
**ခြင်း**



# နဘဲခေါက်မှအပင်တွင်ပါဝင်သော
# ဒြပ်ပေါင်းများ ထုတ်နုတ်ယူခြင်း



နဘဲခေါက် → နဘဲမှုန့်နမူနာ → အရက်ပျံဖျော်ထုတ်မှု

နဘဲခေါက်: ဆေးကြော၊ အခြောက်ခံ၊ အမှုန့်ကြိတ်

နဘဲမှုန့်နမူနာ: အရက်ပျံနှင့်နှစ်လတိုင်တိုင်ဖျော်ထုတ်မှု

အရက်ပျံဖျော်ထုတ်မှု → စစ်ယူသည် → Filtrate, Residue

Filtrate → Concentrat ဖြစ်စေရန်အခြောက်ခံ

Filtrate → EtOH ထုတ်နုတ်ပစ္စည်းကြမ်း

EtOH ထုတ်နုတ်ပစ္စည်းကြမ်း → EtOAc နှင့်ထပ်မံဖျော်ထုတ်

EtOH ထုတ်နုတ်ပစ္စည်းကြမ်း → EtOAc ထုတ်နုတ်ပစ္စည်းကြမ်း

# ထုတ်နုတ်ပစ္စည်းကြမ်းကို Thin layer (TLC) နှင့် Column Chromatography နည်းပညာအားဖြင့် ခွဲခြားခြင်း



- **Ethylacetate**ထုတ်နုတ်ပစ္စည်းကြမ်းမှအမည်သိပြီးဒြပ်ပေါင်း(သို့မဟုတ်)အမည်မသိသေးသော ဒြပ်ပေါင်း(သို့မဟုတ်) ခွဲခြားမရသော ဒြပ်ပေါင်းကို သီးခြားခွဲထုတ်ရန် **Thin layer (TLC)** နှင့် **Column Chromatography** နည်းပညာကိုအသုံးပြုခဲ့ပါသည်။





- **ColumnChromatography ခွဲခြားခြင်းတွင်ဆေးထုတ်ဖျော်ရည်များ(elutingsolvents)ကိုColumnအတွင်းအကြိမ်ကြိမ်လောင်းထည့်ခြင်းဖြင့်Columnချောင်းမှကျလာသော ဆေးထုတ်ပစ္စည်းများ(eluents) (၃)မီလီမီတာ ပမာဏ ကိုသေးငယ်သောပုလင်းများဖြင့် စုယူပါသည်။**
- **စုယူပြီးပုလင်းတစ်လုံးကိုအပိုင်း (fraction) တစ်ခု အဖြစ်သတ်မှတ်ပါသည်။fractionsပေါင်း(၁၂၉)ခုစုယူခဲ့ပါသည်။ ၎င်းfractionsအသီးသီးကိုTLCနည်းပညာအရ n-hexaneနှင့်ethylacetateအချိုးအမျိုးမျိုးသုံး၍စစ်ဆေးပါသည်။**
- **$R_f$ တန်ဖိုးတူ ညီသော fractionsများကိုပေါင်းပါသည်။ ပေါင်းစပ်ပြီးအပိုင်း(combined fractions) ၆ခုကိုရရှိပါသည်။**



- ၎င်းတိုအားTLCပြားပေါ်တွင်ထပ်၍စစ်ဆေးပါသည်။ TLCchromatogramအရ ပေါင်းစပ်ပြီးအပိုင်း(II) နှင့်(IV)မှ TLC ပြား ပေါ်တွင် သန့်စင်ဒြပ်ပေါင်းဟု ယူဆရသည့် လုံးဝန်းသောအစက်တစ်ခု (one spot) တွေ့ရှိရပါသည်။ထို့နောက်၎င်းပေါင်းစပ်ပြီးအပိုင်း(II) နှင့်(IV)ကို အငွေ့ပျံစေခြင်း၊ ပုံဆောင်ခဲများချခြင်းနှင့် ၎င်းပုံဆောင်ခဲများမှ သန့်စင်ဒြပ်ပေါင်း ရရှိရန်ထပ်၍ ပုံဆောင်ခဲများချခြင်း(Recrystallization)ဆောင်ရွက်ပါသည်။ နောက်ဆုံးတွင် အပ်ချောင်းပုံ အရောင်မဲ့ပုံဆောင်ခဲများကိုပေါင်းစပ်ပြီးအပိုင်း (II) နှင့် (IV) မှရရှိပါသည်။၎င်းကိုTDC-1နှင့်TDC-2ဒြပ်ပေါင်းများ အဖြစ်အမည်ပေးပါသည်။

# အရည်ပျော်မှတ် (Melting Point)တိုင်းတာခြင်း

TDC-1 နှင့် TDC-2 သီးခြားခွဲထုတ်ပြီး ဒြပ်ပေါင်းများ၏ အရည်ပျော်မှတ် ကိုတိုင်းတာခဲ့ပြီး တိုင်းတာချက် ရလဒ်ကိုဇယားတွင်ဖော်ပြထားပါသည်။

## အနီအောက်ရောင်ခြည် (FT-IR) နည်းပညာ (Spectroscopic)အားဖြင့် တိုင်းတာခြင်း

အနီအောက်ရောင်ခြည်ရောင်စဉ်နည်းပညာကိုအသုံးပြု၍ **TDC-1** နှင့် **TDC-2** သီးခြားခွဲထုတ်ပြီး ဒြပ်ပေါင်းများ၏ **Spectra** ကိုမန္တလေးတက္ကသိုလ်ဓါတုဗေဒ ဌာနတွင်တိုင်းတာခဲ့ပါသည်

သီးခြားခွဲထုတ်
ပြီးဒြပ်ပေါင်း
များ၏အပင်
တွင်ပါဝင်သော
ဒြပ်ပေါင်းများ
စစ်ဆေးစမ်း
သပ်ခြင်း

**TDC-1 နှင့် TDC- 2**
သီးခြားခွဲထုတ်ပြီး
ဒြပ်ပေါင်းများ၏
အပင်တွင်ပါဝင်သော
ဒြပ်ပေါင်းများစစ်ဆေး
စမ်းသပ်ခြင်းကိုဆောင်
ရွက်ခဲ့ပြီးတွေ့ရှိသောရ
လဒ်များကိုဇယား
ဖြင့်ဖော်ပြထားပါသည်။

# တွေ့ရှိချက်နှင့်ဆွေး
# နွေးသုံးသပ်ချက်များ

# နဘဲခေါက်၏ အနုဇီဝပိုးမွှား ဆန့်ကျင်စွမ်းရည်သတ္တိများ စူးစမ်းလေ့လာခြင်းမှ တွေ့ရှိချက်များ

| စဉ် | ဖျော်ထုတ်ပျော်ရည် | I | II | III | IV | V | VI |
|---|---|---|---|---|---|---|---|
| ၁။ | ပေါင်းခံရေ | ++ | ++ | ++ | ++ | ++ | ++ |
| ၂။ | အရက်ပျံ(၉၅%) | +++ | ++ | ++ | +++ | ++ | +++ |
| ၃။ | ရေနံအီသာ | + | ++ | ++ | ++ | - | + |

**I = *Bacillus subtilis*, II = *Staphylococcus aureus*, III = *Bacillus pumalis*, IV = *Pseudomonas aeruginosa*, V = *Candida albicans*, VI = *E-Coli***

# နဘဲခေါက်၏ အပင်တွင်ပါဝင်သော ဒြပ်ပေါင်းများ စစ်ဆေး စမ်းသပ်ခြင်းမှတွေ့ရှိချက်များ

| စမ်းသပ်ချက် | ထုတ်နှုတ်ပစ္စည်း | ဓါတ်စမ်းပစ္စည်း | ရှုမြင်ချက် | တွေ့ရှိချက် |
|---|---|---|---|---|
| Flavonoid | အရက်ပျံ ၉၅% | ConcHCl+ Mg | ပန်းရောင် | + |
| Phenolic compound | ပေါင်းခံရေ | 1% $K_3Fe(CN)_6$ Sol+1% $FeCl_3$ sol | အပြာရောင် | + |
| Steroid | အရက်ပျံ၉၅% | Acetic anhydride +Conc $H_2SO_4$ | အစိမ်းရောင်အနည် | + |
| Terpene | အရက်ပျံ၉၅% | $(CH_3CO)_2O$ + $CHCl_3$+ $H_2SO_4$ | စိမ်းဝါရောင် | + |
| Tannin | ပေါင်းခံရေ | 2% NaCl +1% $FeCl_3$ | စိမ်းပြာရောင်အနည် | + |
| Glycoside | ပေါင်းခံရေ | 10%NaOH sol | အဝါရောင်အနည် | + |
| Alkaloid | 1%HCL | Wagner's reagent | နီညိုရောင်အနည်မဖြစ် | - |
| Carbohydrate | ပေါင်းခံရေ | Benedict's solution | အနီရောင်အနည်မဖြစ် | - |

## သီးခြားခွဲထုတ်ပြီး ဒြပ်ပေါင်းများ၏ **phytochemical tests** တွေ့ရှိချက်များ

| စဉ် | စမ်းသပ်ချက် | ထုတ်နှုတ်ပစ္စည်း | ဓါတ်စမ်းပစ္စည်း | ရှုမြင်ချက် | တွေ့ရှိချက် | |
|---|---|---|---|---|---|---|
| | | | | | TDC 1 | TDC 2 |
| ၁။ | Flavonoid | အရက်ပျံ(၉၅%) | Conc-HCl+ Mg | ပန်းရောင် | + | + |
| ၂။ | Flavonoid | အရက်ပျံ(၉၅%) | Conc-HCl+ Mg | ပန်းရောင် | + | + |

**TDC-1**




သီးခြားခွဲထုတ်ပြီး
ဒြပ်ပေါင်းများ၏
**flavonoid test**
မှအရောင်တွေ့ရှိမှု

**TDC-2**



# သီးခြားခွဲထုတ်ပြီး ဒြပ်ပေါင်းများ ၏အရည်ပျော်မှတ်များ

| စဉ် | ဒြပ်ပေါင်း | ပုံသဏ္ဍာန် | အရည်ပျော်မှတ်ဒီဂရီစင်တီဂရိတ် | |
|---|---|---|---|---|
| | | | တိုင်းတာရရှိတန်ဖိုး | ကိုးကား တွေ့ရှိတန်ဖိုး |
| ၁။ | **TDC-1 (Quercetin)** | ပုံဆောင်ခဲ | ၁၂၆ ဒီဂရီစင်တီဂရိတ် | ၁၂၃-၁၂၅ ဒီဂရီစင်တီဂရိတ် |
| ၂။ | **TDC-2** (အမည်မသိ) | ပုံဆောင်ခဲ | ၁၃၀ ဒီဂရီစင်တီဂရိတ် | - |

## ဒြပ်ပေါင်းTDC-1ကိုအနီအောက် ရောင်ခြည်ရောင်စဉ်နည်းပညာ အားဖြင့်ခွဲခြားဖော်ပြခြင်း



# ဒြပ်ပေါင်း TDC-1၏ FT-IR spectrum မှသွင်ပြင်လက္ခဏာများ

| စဉ် | Band position ( $cm^{-1}$) | ဓါတ်ပြုအုပ်စုများ (functional groups) ဖော်ပြခြင်း |
|---|---|---|
| ၁။ | 3342 | Alcohol ၏ (-OH) အုပ်စုဆန့်တုံ့ခါခြင်း |
| ၂။ | 1650 | Carbonyl အုပ်စု၏ (>C=O) ဆန့်တုံ့ခါခြင်း |
| ၃။ | 1604,1504 | Aromatic benzene ကွင်း၏ (>C=C<) ဆန့်တုံ့ခါခြင်း |
| ၄။ | 1367 | Phenol အုပ်စု၏ (OH)မှမျက်နှာပြင်အတွင်းသို့ကွေး၍တုံ့ခါခြင်း (inplane bending vibration) |
| ၅။ | 1272,1049 | အီသာ (ether) အုပ်စု၏ (C-O-C ) ဆန့်တုံ့ခါခြင်း |
| ၆။ | 1195 | Alcohol ၏ (-OH) မှကွေး၍တုံ့ခါခြင်း( bending vibration) |
| ၇။ | 948 | Trans alkene ၏ =C-H ကွေး၍တုံ့ခါခြင်း |
| ၈။ | 825 | Cis alkene ၏ =C-H ကွေး၍တုံ့ခါခြင်း |




TDC7MRIR: TDC-7(MTL)mres

| | | | | | |
|---|---|---|---|---|---|
| Date: | 02/04/2008 | Time: | 12:44:50 | NScans: | 45 |
| Type: | HYPER IR | User: | SHIMADZU | Detector: | standard |
| Abscissa: | 1/cm | Ordinate: | %T | Apodization: | Happ |
| Min: | 401.17 | Max: | 3996.23 | Range: | 1/cm |
| Ndp: | 933 | Data Interval: | 3.85737 | Resolution: | 8.0 |
| Gain: | auto | Aperture: | auto | Mirror Speed: | 2.8(low) |

ဒြပ်ပေါင်းTDC-2 ကိုအနီအောက်ရောင်ခြည်ရောင်စဉ်နည်းပညာ အားဖြင့် ခွဲခြားဖော်ပြခြင်း



## ဒြပ်ပေါင်းTDC-2၏ FT-IR spectrum မှသွင်ပြင်လက္ခဏာများ

| စဉ် | Band position ( $cm^{-1}$) | ဓါတ်ပြုအုပ်စုများ (functional groups) ဖော်ပြခြင်း |
|---|---|---|
| ၁။ | 3417 | Alcohol ၏ (-OH) အုပ်စုဆန့်တုံခါခြင်း |
| ၂။ | 2931, 2865 | $sp^3$ hydrocarbon များ၏အချိုးညီနှင့်အချိုးမညီဆန့်တုံခါခြင်း |
| ၃။ | 1728 | Carbonyl အုပ်စု၏ (>C=O) ဆန့်တုံ ခါခြင်း |
| ၄။ | 1461 | allylic အုပ်စု၏C-H မျက်နှာပြင်အတွင်းသို့ကွေး၍တုံခါခြင်း |
| ၅။ | 1377 | gemdimethylအုပ်စု၏CHမျက်နှာပြင်အတွင်းသို့ကွေး၍တုံခါခြင်း |
| ၆။ | 1330,1272, 1230, | alcohol ၏ (C-C- O) ဆန့်တုံခါခြင်း |
| ၇။ | 1188,1122, 1072,1029 | အီသာအုပ်စု၏ (C-O-C ) ဆန့်တုံခါခြင်း |




TDC-1MRE: TDC-1(MTL)mres 1/cm

| | | | | | |
|---|---|---|---|---|---|
| Date: | 02/04/2008 | Time: | 12:49:13 | NScans: | 45 |
| Type: | HYPER IR | User: | SHIMADZU | Detector: | standard |
| Abscissa: | 1/cm | Ordinate: | %T | Apodization: | Happ |
| Min: | 401.17 | Max: | 3996.23 | Range: | 1/cm |
| Ndp: | 933 | Data Interval: | 3.85737 | Resolution: | 8.0 |
| Gain: | auto | Aperture: | auto | Mirror Speed: | 2.8(low) |

# ကောက်ချက်ဆွဲခြင်း

- **phytochemical** စစ်ဆေးစမ်းသပ်ခြင်း၊ **melting point** တိုင်းတာခြင်း၊**FT-IR data**နှင့် **functional groups** နှိုင်းယှဉ်ခြင်း တွေ့ရှိချက်များ လေ့လာခြင်းမှဒြပ်ပေါင်း **TDC-1**သည် **literature**တွင် တွေ့ရှိရသော **querctin** ဆင်တူနေခြင်းကြောင့် သီးခြားခွဲထုတ်ပြီးဒြပ်ပေါင်း **TDC-1**ကို **querctin** ဖြစ်သည်ဟု ခွဲခြားသတ်မှတ်ပေးနိုင်ပါသည်။
- အလားတူ အပင်တွင်ပါဝင်သော ဒြပ်ပေါင်းများ စစ်ဆေးစမ်းသပ်ခြင်း၊ အရည်ပျော် မှတ် တိုင်းတာခြင်းနှင့် ခါတ်ပြုအုပ်စုအချို့၏ **FT-IRdata** များအရ ဒြပ်ပေါင်း**TDC-2** ကိုလည်းသတ်မှတ်ပေးနိုင်ပါသည်။
- သို့သော် **literature** တွင်တည်ဆောက်ပုံရှာ၍ မတွေ့ခြင်းကြောင့် မည်သည့် ဒြပ်ပေါင်း ဖြစ်သည်ဟု အမျိုးအမည်မဖော်ပြနိုင်ခဲ့ပါ။











ကျေးဇူးတင်ပါသည်။









